# အခြေအနေအနှစ်ချုပ်

ယခုအခြေအနေ အနှစ်ချုပ်သည် မတ်လ ၉ ရက် ၂၀၂၅ မှ ၁၂ ဧပြီလ ၂၀၂၅ ရက်နေ့ အထိ ဖြစ်သည်။ မြန်မာငလျင် အရေးပေါ် တုံ့ပြန်မှုညှိနှိုင်းဆောင်ရွက်ရေးယူနစ်အနေဖြင့် ယနေ့ အချိန်အထိ အောက်ပါအတိုင်း လက်ခံ၊ မျှဝေထားပြီးဖြစ်သည်။

ယူနစ်ထံသို့ ဝင်ငွေ သိန်းသုံးထောင်ကျော် ဖြစ်ပြီး ပြန်လည် မျှဝေထားမှုသည် သိန်း နှစ်ထောင့် ငါးရာကျော် ဖြစ်သည်။
အသေးစိတ်မှာ အောက်ပါ အတိုင်း ဖြစ်သည်။

ယူနစ်ထံသို့ဝင်ငွေ - ၃၀၉,၈၈၂,၆၀၂.၂၀ ကျပ်

ပြန်လည်မျှဝေထားမှု - ၂၅၇,၂၂၅,၁၈၀.၄၇ ကျပ်

အရေးပေါ်တုံ့ပြန်မှု ညှိနှိုင်းဆောင်ရွက်ရေးယူနစ်ကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် အခြေစိုက်နေသော အရပ်ဘက်လူမှုအဖွဲ့အစည်းများက တာဝန်ယူ ဖွဲ့စည်းထားပြီး အရေးပေါ် တုံ့ပြန်မှု ညှိနှိုင်းရေး၊ အရင်းအမြစ်များစုစည်းနိုင်ရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုများအတွက် လုပ်ဆောင်လျက်ရှိပါသည်။

မြေပြင် ကယ်ဆယ်ရေးအတွက် စေတနာ့ဝန်ထမ်းများနှင့် အဆင့်ဆင့် ချိတ်ဆက်ထားရှိပြီး အရေးပေါ်တုံ့ပြန်မှု လုပ်ငန်းစဉ်များ လုပ်ဆောင်လျက်ရှိသည့် ညှိနှိုင်းရေးယူနစ်တခု ဖြစ်ပါသည်။ ယူနစ်တွင် ငလျင်ကြောင့် ထိခိုက်ခံစားရသည့် ဒေသများတွင် ရှိနေသော အရပ်ဘက် အဖွဲ့အစည်းများ၏ အဖွဲ့ဝင်ကိုယ်စားလှယ်များ ပါဝင်ပါသည်။

Emergency Response Coordination Unit

# ဘာတွေဖြစ်နေလဲ၊ ဘယ်အထိရောက်ပြီလဲ

လျှောင်တွင် စုစုပေါင်း သေဆုံးသူ ၄၃၅၅ ဦး၊ ဒဏ်ရာရသူ ၇၈၁၀ ဦး၊ ပျောက်ဆုံးဆဲ ၁၄၅ ဦးနှင့် ဘေးသင့်သူ ၁၉၇၁၇၃ ဦး ရှိနေသည်ဟု DVB Data Team မှ ထုတ်ပြန်ထားသည်။ နေရာအချို့တွင် ကယ်ဆယ်ရေးများ ဆက်လက်လုပ်ဆောင်နေပြီး အချို့နေရာများတွင် ရှင်းလင်းရေးနှင့် နေအိမ်ပြင်ဆင်မှုများ လုပ်ဆောင်နေသည်။


ဒေသအများစုတွင် လတ်တလောကာလအတွက် ရေသန့်၊ အစားအသောက်နှင့် အမိုးအကာများ စတင်ဖူလုံနေပြီဖြစ်သော်လည်း အချို့နေရာများတွင် လိုအပ်ချက်အချို့ရှိနေဆဲဖြစ်သည်။ အရေးပေါ်အိမ်သာနှင့် စွမ်းအင် (လျှပ်စစ်၊ ဂတ်စ်) များ လုံလုံလောက်လောက်ရရှိရန် ကြိုးပမ်းနေကြသည်။

လူအများစုစည်းနေထိုင်သောနေရာများတွင် ကူးစက်ရောဂါများမဖြစ်ပွားရန် အထူးဂရုစိုက်နေသည်။ ကျန်းမာရေးဝန်ထမ်းများ၊ ဆေးရုံ ၊ ဆေးပေးခန်းစနစ်များလုံလောက်မှု မရှိပါ။ အိမ်ပြင်ဆင်ရေး၊ ရှင်းလင်းရေးများနှင့် ပြန်လည်နေထိုင်မှုများ လုပ်ဆောင်နေပြီဖြစ်ပြီး အိမ်ထောင်စုတစုချင်းအလိုက် ထောက်ပံ့မှုအချို့စတင်နေပြီဖြစ်သည်။

Emergency Response
Coordination Unit

# MERCU ၏ ဒေသအလိုက်ပံ့ပိုးပေးမှုများ


မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် နေပြည်တော် အတွင်းရှိ မြို့နယ်များ၏လိုအပ်ချက်များအား ပံ့ပိုးပေးလျက် ရှိသည်။




ဧပြီ ၁၂ ရက်နေ့ နေ့လယ် ၁၂ နာရီအထိ တိုင်းအလိုက်ပံ့ပိုးမှုများတွင် မန္တလေးတိုင်းအတွင်း (၆၀%)၊ စစ်ကိုင်းတိုင်းအတွင်း (၂၄%)၊ နေပြည်တော်တွင် (၉%)၊ နှင့် အင်းလေးဒေသအတွင်း (၅%) ထောက်ပံ့မှု လုပ်ဆောင်နိုင်ခဲ့သည်။

Emergency Response
Coordination Unit

# အမျိုးအစားအလိုက်ပံ့ပိုးပေးမှုများ




ထောက်ပံ့မှု အမျိုးအစားအနေဖြင့် အောက်ပါအတိုင်း လုပ်ဆောင်လျက်ရှိသည်။

(၁) အရေးပေါ်အမိုးအကာနှင့် အစားအစာမဟုတ်သောပစ္စည်းများ၊

(၂) စားနပ်ရိက္ခာ ဖူလုံရေးနှင့် အာဟာရ၊

(၃) သောက်သုံးရေနှင့် သန့်ရှင်းရေး၊

(၄) အရေးပေါ် ဆေးဘက်ဆိုင်ရာနှင့် ကျန်းမာရေး ပံ့ပိုးမှု၊

(၅) ထိခိုက်လွယ်သောအုပ်စုများအတွက် အကာအကွယ်နှင့် ပံ့ပိုးမှု နှင်

(၆) ထောက်ပံ့ပို့ဆောင်ရေးနှင့် လျင်မြန်သော တုံ့ပြန်ဆောင်ရွက်မှုများ

Emergency Response Coordination Unit

အမျိုးအစားအလိုက် ထောက်ပံ့မှုများတွင် ထောက်ပံ့ပို့ဆောင်ရေးနှင့် လျင်မြန်သော တုံ့ပြန်ဆောင်ရွက်မှုများ အတွက် (၆၆%)၊ အရေးပေါ် ဆေးဘက်ဆိုင်ရာနှင့် ကျန်းမာရေး ပံ့ပိုးမှုအတွက် (၁၃%)၊ သောက်သုံးရေ နှင့် သန့်ရှင်းရေးအတွက် (၁၃%)၊ အရေးပေါ်အမိုးအကာနှင့် အစားအစာမဟုတ်သောပစ္စည်းများ (၅%) နှင့် စားနပ်ရိက္ခာ ဖူလုံရေးနှင့် အာဟာရ အတွက် (၃%) ထောက်ပံ့နိုင်ခဲ့သည်။

ထိုထောက်ပံ့မှုများတွင် အစားသောက်၊ ဆေးဝါး၊ ရေတွင်းတူးဖော်နိုင်ရေး၊ လူအသုံးအဆောင်၊ အိမ်၊ အိမ်သာ၊ အဆောက်အဦ ပြန်လည်ဆောက်လုပ်နိုင်ရန်အတွက် ဆောက်လုပ်ရေးပစ္စည်းများ အစိကပါဝင်သည်။

# လုံခြုံရေးအခြေအနေ

မြေပြင်အကူအညီပေးရေးလုပ်ငန်းများအား  ခွင့်ပြုချက်ဖြင့် လုပ်ဆောင်ရန်၊ ဒေသအာဏာပိုင် များမှတဆင့် ထောက်ပံ့လှူဒါန်းရန်၊ ကူညီသူများအား မှတ်တမ်းယူထားရန် စသည့်ကန့်သတ် ချက်များအား စစ်ကောင်စီအနေဖြင့် ထုတ်ပြန်ထားပြီး အကူအညီပေးသည့် အစုအဖွဲ့ အချို့၏ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ရပ်ဆိုင်းသွားနိုင်တဲ့ အခြေအနေကို ကြုံတွေ့နေရပါတယ်။

စစ်ကိုင်းဘက်တွင်လည်း ကူညီရေးအဖွဲ့များ လာရောက်မျှဝေသည့်ပစ္စည်းများအား စစ်ကောင် စီထိန်းချုပ်ဇရိယာဖြစ်သည့် စစ်ကိုင်းမြို့ပေါ်တွင်သာ ထားခဲ့ရန်ဖိအားပေး လျက်ရှိပါသည်။

ပျဉ်းမနား၊ နေပြည်တော်အပါအဝင် အချို့ဒေသများတွင် စေတနာ့ဝန်ထမ်းအချို့မှာ လုံခြုံရေး စိုးရိမ်ပူပန်မှုများ တွေ့ကြုံခံစားနေရသည်။

Emergency Response
Coordination Unit

# လက်ရှိလိုအပ်ချက်များ

လတ်တလော လိုအပ်ချက် အနေဖြင့် အင်းလေးအနောက်ဘက်ကမ်း၊ ဖောင်တော်ဦး ဘက ကျောင်း၊ ချမ်းမြသာစည်၊ မန္တလေးမှ ရဲဘော်များ၊ ပဲခူးနှင့် နာဂဒေသ ၌ ဆေးဝါး၊ ရိက္ခာ (ကုန်ခြောက်)၊ ယာယီနေထိုင်ရန် အတွက် ဆောက်လုပ်ရေး ပစ္စည်းများ၊ ယာဉ်နှင့် စက်သုံးဆီများလိုအပ်လျက်ရှိသည်။ လက်ရှိ အရေးပေါ်တုံ့ပြန်မှု လုပ်ငန်းများအတွက် မြေပြင်သို့ ဆက်လက် ထောက်ပံ့မှုများလုပ်ဆောင်နိုင်ရန် MERCU မှရရှိထားသော လုပ်ငန်းအဆိုပြုလွှာ ခန့်မှန်း ကျပ်တန်ဖိုးမှာ ၆၂,၀၀၀,၀၀၀ သိန်း ဝန်းကျင်ဖြစ်သည်။

# သတင်းအချက်အလက်

အင်တာနက်နှင့် ဖုန်းလိုင်းအခက်အခဲ၊ သတင်းစီးဆင်းမှုအားနည်းခြင်းနှင့် သတင်းအချက်အလက် ကောက်ယူနိုင်မှုလုပ်ငန်းစဉ် မချောမွေ့ခြင်းကြောင့် ဒေသအလိုက် အသက်ဆုံးရှုံးမှု၊ ပစ္စည်းပျက်စီးဆုံးရှုံးမှုများနှင့် အခြားလိုအပ်ချက်များ မှျဝေနိုင်ရေးကို တိတိကျကျ မလုပ်ဆောင်နိုင်ပါ။ ယာယီအားဖြင့် ကူညီကယ်ဆယ်ရေးအတွက် ရနိုင်သမျှ နည်းလမ်းများဖြင့် သတင်းအချက်အလက်စိစစ်ခြင်းများ လုပ်ဆောင်သင့်သည်။

Emergency Response
Coordination Unit

# နိုင်ငံရေးဖြစ်စဉ်များ

အပစ်ရပ်ထားသည်ဟုကြေညာထားကြသော်လည်း အမှန်တကယ် ရပ်ဆိုင်းမှုမရှိသည်ကိုတွေ့ရှိနေရသည်။ DVB Data Team ၏ ထုတ်ပြန်ချက်အရ မတ် ၂၈ မှ ဧပြီ ၁၀အထိ စစ်ကောင်စီအနေဖြင့် လေကြောင်းနှင့် လက်နက်ကြီးဖြင့်တိုက်ခိုက်မှုများအား ဒေသ ၁၂ ခုတွင် ၉၂ ကြိမ် ကျူးလွန်ထားသည် ဒေသ ၁၂ ခုတွင် ၁၅၂ ကြိမ် ကျူးလွန်ခဲ့သည်။ တိုက်ခိုက်ခံရမှုကြောင့် သေဆုံးသူ ၁၁၃ဦးနှင့် ဒဏ်ရာရသူ ၁၅၄ ဦးရှိနေသည်။

စစ်ကောင်စီမှ စွန့်ခွာသူများ၊ မတရားစစ်မှုထမ်းရန် နည်းပေါင်းစုံဖြင့် ဖမ်းဆီးခံရမှုများလည်း ရှိနေသည်။

Emergency Response Coordination Unit

# ထပ်မံသိရှိလိုသည်များရှိပါက ဆက်သွယ်ရန်

May (Signal - @May.512)

Win Min (Phone and Signal - +66 91-079-3505)

Htin Kyaw Aye (Signal - @kohtin.88)

Toe Toe (Signal - @toetoe15.67)

Kyi Nyein (Signal - +66 9 8209 2313)

Stan (Signal - @rebel_stan.52)

ယခု အစီရင်ခံစာသည် ဧပြီ ၁၂ ရက် ၂၀၂၅ ခုနှစ်၊ ရန်ကုန်ချိန် နေ့လည် ၁၂ နာရီအထိရရှိသော အချက်အလက်များအား အခြေခံထုတ်ပြန်ထားခြင်းဖြစ်သည်။ အရေးပေါ်တုံ့ပြန်မှု ညှိနှိုင်းဆောင်ရွက်ရေးယူနစ်အနေဖြင့် ရရှိလာသော အချက်အလက်များကို မူတည်၍ သတင်းထုတ်ပြန်မှုများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**Emergency Response Coordination Unit**